၁၀-၀၃။ စာချုပ်သက်တမ်း တိုးမြှင့်သတ်မှတ်လိုသည့် စာချုပ်ဝင်ဖက်မှ တစ်ဖက်စာချုပ်ဝင်ထံသို့ စာချုပ်သက်တမ်းမကုန်မီ ရက်ပေါင်း(၃၀)ကြိုတင်၍စာဖြင့်အသိပေးဆောင်ရွက်ရပါမည်။

၁၁။ ညှိနှိုင်းဆွေးနွေးခြင်းနှင့် စာချုပ်ပြင်ဆင်ခြင်း

ဤသဘောတူစာချုပ်တွင် ဖော်ပြထားခြင်းမရှိသော အကြောင်းခြင်းရာများကြောင့် အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပြီး ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်ကို ပြောင်းလဲ ရန်လိုအပ်လာလျှင် စာချုပ်ဝင်များသည် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး သဘောတူစာချုပ်ကို စာဖြင့်ပြင်ဆင် ချုပ်ဆိုရမည်။

၁၂။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

လုပ်ငန်းဆောင်ရွက်သူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၃။ အငြင်းပွားမှုဖြေရှင်းခြင်း

ဤသဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ရှေးဦးစွာ စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် ထိုအငြင်းပွားမှုကို နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဖြေရှင်းကြရမည်။ ယင်းကဲ့သို့ အကြေအလည်ဆွေးနွေးညှိနှိုင်း၍ ရက်ပေါင်း(၃၀)အတွင်း မဖြေရှင်းနိုင်ပါက ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

၁၄။ မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၄-၀၁။ ဤသဘောတူစာချုပ်အရ ဆောင်ရွက်ရမည့်တာဝန်များ ပျက်ကွက်ခြင်း (သို့မဟုတ်)နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လာရခြင်းသည် မလွန်ဆန်နိုင်သော ဖြစ်ရပ်ကြောင့်ဖြစ်ပါက စာချုပ်ဝင်နှစ်ဦးနှစ်ဖက်စလုံး တာဝန်မှကင်းလွတ်ခွင့်ပြုရမည်။ ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် တစ်ဖက်မှ မိမိလိုက် နာဆောင်ရွက်ရမည့် တာဝန်တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ခေတ္တဆိုင်းငံ့ရမည့် အခြေအနေပေါ်ပေါက်လာလျှင် ထိုသို့ ဆိုင်းငံ့ရမည့် ဖြစ်ရပ်နှင့် ဖြစ်တန်ရာသည့် ကာလတို့ကို ဖော်ပြလျက် ထိုဖြစ်ရပ်ပေါ်ပေါက်သည့်နေ့မှ (၁၄)ရက်အတွင်း နစ်နာသူက စာချုပ်ဝင်အခြားတစ်ဖက်သို့ စာဖြင့် အကြောင်းကြားရမည်။ ဤသို့ အကြောင်းကြားခြင်းကို အခြားတစ်ဖက်မှ အတည်ပြုလက်ခံမှသာလျှင် မလွန်ဆန်နိုင်သည့် ဖြစ်ရပ်မြောက်ပြီး ထိုနစ်နာသောအချိန်ကာလအတွက် လုပ်ငန်းတာဝန် ဝတ္တရားများ ရပ်ဆိုင်းရမည်။ ထိုမလွန်ဆန်နိုင်သော အခြေအနေများကို အမြန်ဆုံး ကျော်လွှားနိုင်အောင် ဆောင်ရွက်ရမည်။ မလွန်ဆန်နိုင်သောဖြစ်ရပ်မှ ပေါ်ပေါက်လာသည့်ကြန့်ကြာမှု၊ ဆုံးရှုံးမှုများအတွက် မည်သည့်ဘက်ကိုမှ တာဝန်မရှိစေရ။

၁၀-၀၃။ စာချုပ်သက်တမ်း တိုးမြှင့်သတ်မှတ်လိုသည့် စာချုပ်ဝင်ဖက်မှ တစ်ဖက်စာချုပ်ဝင်ထံသို့ စာချုပ်သက်တမ်းမကုန်မီ ရက်ပေါင်း(၃၀)ကြိုတင်၍စာဖြင့်အသိပေး ဆောင်ရွက်ရပါမည်။

၁၁။ ညှိနှိုင်းဆွေးနွေးခြင်းနှင့် စာချုပ်ပြင်ဆင်ခြင်း

ဤသဘောတူစာချုပ်တွင် ဖော်ပြထားခြင်းမရှိသော အကြောင်းခြင်းရာများကြောင့် အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပြီး ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်ကို ပြောင်းလဲ ရန်လိုအပ်လာလျှင် စာချုပ်ဝင်များသည် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး သဘောတူစာချုပ်ကို စာဖြင့်ပြင်ဆင် ချုပ်ဆိုရမည်။

၁၂။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

လုပ်ငန်းဆောင်ရွက်သူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၃။ အငြင်းပွားမှုဖြေရှင်းခြင်း

ဤသဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ရှေးဦးစွာ စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် ထိုအငြင်းပွားမှုကို နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဖြေရှင်းကြရမည်။ ယင်းကဲ့သို့ အကြေအလည်ဆွေးနွေးညှိနှိုင်း၍ ရက်ပေါင်း(၃၀)အတွင်း မဖြေရှင်းနိုင်ပါက ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

၁၄။ မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၄-၀၁။ ဤသဘောတူစာချုပ်အရ ဆောင်ရွက်ရမည့်တာဝန်များ ပျက်ကွက်ခြင်း (သို့မဟုတ်)နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လာရခြင်းသည် မလွန်ဆန်နိုင်သော ဖြစ်ရပ်ကြောင့်ဖြစ်ပါက စာချုပ်ဝင်နှစ်ဦးနှစ်ဖက်စလုံး တာဝန်မှကင်းလွတ်ခွင့်ပြုရမည်။ ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် တစ်ဖက်မှ မိမိလိုက် နာဆောင်ရွက်ရမည့် တာဝန်တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ခေတ္တဆိုင်းငံ့ရမည့် အခြေအနေပေါ်ပေါက်လာလျှင် ထိုသို့ ဆိုင်းငံ့ရမည့် ဖြစ်ရပ်နှင့် ဖြစ်တန်ရာသည့် ကာလတို့ကို ဖော်ပြလျက် ထိုဖြစ်ရပ်ပေါ်ပေါက်သည့်နေ့မှ (၁၄)ရက်အတွင်း နစ်နာသူက စာချုပ်ဝင်အခြားတစ်ဖက်သို့ စာဖြင့် အကြောင်းကြားရမည်။ ဤသို့ အကြောင်းကြားခြင်းကို အခြားတစ်ဖက်မှ အတည်ပြုလက်ခံမှသာလျှင် မလွန်ဆန်နိုင်သည့် ဖြစ်ရပ်မြောက်ပြီး ထိုနစ်နာသောအချိန်ကာလအတွက် လုပ်ငန်းတာဝန် ဝတ္တရားများ ရပ်ဆိုင်းရမည်။ ထိုမလွန်ဆန်နိုင်သော အခြေအနေများကို အမြန်ဆုံး ကျော်လွှားနိုင်အောင် ဆောင်ရွက်ရမည်။ မလွန်ဆန်နိုင်သောဖြစ်ရပ်မှ ပေါ်ပေါက်လာသည့်ကြန့်ကြာမှု၊ ဆုံးရှုံးမှုများအတွက် မည်သည့်ဘက်ကိုမှ တာဝန်မရှိစေရ။